အတူ သွန်ပစ်ထားလိုက်ကြတာ, ကြည့်လို့လဲ အမြင်မတော်ဘူး၊ နှင်းမိပြန်ရင်လဲ မကောင်းဘူး” စသည်ဖြင့်) ကဲ့ရဲ့ကြသည်၊ ထို့ကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရသည်၊ မြေပေါ်၌ မသွန်ဘဲ ထွေးခံ လက်ဆေးခံထဲမှာတော့ သွန်ကောင်းပါ၏၊ ဆွမ်းတခြား ရေတခြားခွဲပြီး ဆွမ်းလုံးတွေကို တနေရာမှာ စုပုံပြီးမှ ရေချည်းသက်သက်လည်း သွန်ကောင်းပါ၏။ [သ=တကွ+သိတ္ထက=ဆွမ်းလုံး။]

(ဆွမ်းစားမှုနှင့်စပ်သော သိက္ခာပုဒ် ၂၆-ပါး ပြီး၏။)

---

[ဤမှ နောက်၌ တရားဟောမှုနှင့် စပ်ဆိုင်သော သိက္ခာပုဒ်များ လာလိမ့်မည်။]

ကိုရင် ဗုဒ္ဓရက္ခိတ....တရားဟောမှုသည် တရားနာသူတို့ကို တတ်သိ နားလည်အောင် ပြောပြရသော အလုပ်ဖြစ်၍ အလွန်မြင့်မြတ်သော အလုပ်တမျိုးဖြစ်သည်၊ မြင့်မြတ်သောအလုပ်ကို လုပ်သူသည် မြင့်မြတ်သော အနေမျိုးဖြင့်သာ ပြုလုပ်သင့်၏၊ တရားနာသူတို့၏ အောက်ကျ နောက်ကျ အနေမျိုးဖြင့် နေ၍ မဟောသင့်။

ထို့ကြောင့် တရားနာသူသည် လက်၌....

(က) ထီးကို ကိုင်ထားလျှင်ရှင်း၊

(ခ) ၄-တောင်လောက်ရှိသော ဒုတ် တောင်ဝှေးကို ကိုင်ထားလျှင်ရှင်း၊